## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၁၈၃ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

( ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် )

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ (National Solidarity and Peace – making Working Committee) ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်**မတီ**၏ လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **"အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ ( National Solidarity and Peace – making Working Committee )"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း — ဥက္ကဋ္ဌ
ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

(ခ) ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် — ဒုတိယဥက္ကဋ္ဌ
ဥက္ကဋ္ဌ၊ တပ်မတော်၏ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီ

(ဂ) ဦးတင်ထွဋ်ဦး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဃ) ဦးခင်မောင်ရီ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
ဝန်ကြီးဌာန

(င) ဦးခင်ရီ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(စ) ဒေါက်တာ ဒေါ်သက်သက်ခိုင် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး
ဝန်ကြီးဌာန

(ဆ) ဦးစောထွန်းအောင်မြင့် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ဇ) ဦးခက်ထိန်နန် အဖွဲ့ဝင်
ဝန်ကြီးချုပ်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့

(ဈ) ဦးခင်မောင်ဦး (ခ) ဘူးရယ် အဖွဲ့ဝင်
ဝန်ကြီးချုပ်၊ ကယားပြည်နယ်အစိုးရအဖွဲ့

(ည) ဦးစောမြင့်ဦး အဖွဲ့ဝင်
ဝန်ကြီးချုပ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့

(ဋ) ဦးငွန်ဆန်းအောင် အဖွဲ့ဝင်
ဝန်ကြီးချုပ်၊ ချင်းပြည်နယ်အစိုးရအဖွဲ့

(ဌ) ဦးမြတ်ကျော် အဖွဲ့ဝင်
ဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဍ) ဦးမြတ်ကို အဖွဲ့ဝင်
ဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဎ) ဦးမျိုးဆွေဝင်း အဖွဲ့ဝင်
ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဏ) ဦးဇော်လင်းထွန်း အဖွဲ့ဝင်
ဝန်ကြီးချုပ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့

(တ) ဒေါက်တာအောင်ကျော်မင်း အဖွဲ့ဝင်
ဝန်ကြီးချုပ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့

| | | |
|---|---|---|
| (ထ) | ဒေါက်တာကျော်ထွန်း<br>ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဒ) | ဗိုလ်မှူးချုပ် မြတ်သက်ဦး<br>တိုင်းမှူး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဓ) | ဗိုလ်ချုပ် နိုင်နိုင်ဦး<br>တိုင်းမှူး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (န) | ဗိုလ်မှူးချုပ် နီလင်းအောင်<br>တိုင်းမှူး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ပ) | ဗိုလ်မှူးချုပ် လှမိုး<br>တိုင်းမှူး၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဖ) | ဗိုလ်မှူးချုပ် မျိုးမင်းထွန်း<br>တိုင်းမှူး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဗ) | ဗိုလ်မှူးချုပ် ကိုကိုမောင်<br>တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဘ) | ဗိုလ်မှူးချုပ် စောသန်းလှိုင်<br>တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (မ) | ဗိုလ်ချုပ် ထင်လတ်ဦး<br>တိုင်းမှူး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ယ) | ဗိုလ်မှူးချုပ် ဖြိုးသန့်<br>တိုင်းမှူး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ရ) | ဗိုလ်မှူးချုပ် ထိန်ဝင်း<br>တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (လ) | ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်<br>ဒုတိယဝန်ကြီးနှင့် ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဝ) | ဗိုလ်ချုပ် စိုးတင့်နိုင်<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (သ) | ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး<br>ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဟ) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဠ) | ဗိုလ်ချုပ်တိုးရီ<br>ဒုတိယတပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် | အဖွဲ့ဝင် |
| (အ) | ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း) | အဖွဲ့ဝင် |
| (ကက) | ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်<br>အဖွဲ့ဝင်၊ တပ်မတော်၏ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီ | အတွင်းရေးမှူး |

၂။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ ( National Solidarity and Peace – making Working Committee ) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီက ချမှတ်ပေးသည့် မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော မဟာဗျူဟာ ချမှတ်ခြင်း၊

(ခ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များအား ကူညီထောက်ပံ့ခြင်းများအတွက် ပြည်တွင်းပြည်ပအလှူရှင်များ၊ အစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းမည့်မူဝါဒများကို အကောင်အထည်ဖော်ရန် လုပ်ငန်းစဉ်များချမှတ်ပေးခြင်း၊

(ဂ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် နိုင်ငံတော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုက်အဝန်းနှင့် အကူအညီပေးသော အလှူရှင်အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ တတ်သိပညာရှင်များ၊ ကျွမ်းကျင်သူများ အဆင်ပြေချောမွေ့စွာ ပူးပေါင်းပါဝင်နိုင်ရန် လိုအပ်သော မဟာဗျူဟာလုပ်ငန်းစဉ်များ ချမှတ်ပေးခြင်း၊

(ဃ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးပိုမိုခိုင်မာလာစေရေးမှတစ်ဆင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်များနှင့် အချိန်ဇယားများ သတ်မှတ်ပေးခြင်း၊

(င) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်မရေးထိုးရသေးသော **တို**င်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ NCA တွင် ပါဝင်လက်မှတ်ရေးထိုးလာစေရေးမှတစ်ဆင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်များနှင့် အချိန်ဇယားများ သတ်မှတ်ပေးခြင်း။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၇ - ၂ - ၂၀၂၁ ရက်စွဲပါ အမိန့်အမှတ် ၇၀/၂၀၂၁ ကို ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး